**PSEA ကွန်ရက် မြန်မာ -**

ထိခိုက်နိုင်ခြေအန္တရာယ် ဆန်းစစ်လေ့လာချက် နောက်ဆုံးရအချက်အလက်များအား တင်ပြခြင်း၊

၂၀၂၀ ခုနှစ်၊ ဇွန်လ

အဓိကတွေ့ရှိချက်များ

•၂၀၂၀ ခုနှစ် ဝန်ထမ်းများ၏ KAP စစ်တမ်း ရလဒ်များအရ သင်တန်းများအား စဉ်ဆက် မပြတ် ကျင်းပပေးရန်နှင့် မွမ်းမံသင်တန်းများဖြင့် အားဖြည့်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် <u>လိင်မှုဆက်ဆံရေးများအတွက်</u> ခွင့်ပြုထားသော အငယ်ဆုံး အသက်အရွယ်သတ်မှတ်ချက် (ညှိနှိုင်းခွင့်မရှိပါ)၊ လိင်လုပ်သားများ အသုံးပြုခြင်းအား တားမြစ်ချက်နှင့်စပ်လျဉ်းသည့်သင်တန်းများ လိုအပ်နေပါသည်။

•ActionAid မြန်မာ၏ သုတေသများအရ မည်သည့်ပြုမှု လုပ်ဆောင်မှုများအား SEA အဖြစ် သတ်မှတ်နိုင်မည်ဆိုသည်ကိုလည်းကောင်း၊ မည်သို့ သတင်းပို့တိုင်ကြားရမည်ဆိုသည်ကိုလည်းကောင်း <u>ရပ်ရွာအဆင့်မှ ပြည်သူများသည်</u> သိရှိခြင်းမရှိကြကြောင်း ပြသနေပါ သည်။ လေ့လာခဲ့သည့်သူများထဲတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှ ပြည်တွင်းနေရပ်စွန့်ခွာသူများ၊ ရခိုင်ပြည်နယ်ရှိ လူငယ်များ ပါဝင်ပါသည်။ SEA အကြောင်း နှင့် သတင်းပို့တိုင်ကြားနိုင်မည့် နည်းလမ်းများအကြောင်းကို ပြည်သူများ နားလည်သိရှိကြ စေရန်အတွက် အသိပညာပေးအစီအစဉ်များအား ပြုလုပ်ပေးရမည်ဖြစ်သည်။ ထိုအစီအစဉ် များအား ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင်လည်း ဘေးဒဏ်သင့် ပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် ယခုထက်ပို၍ အားထုတ်လုပ် ဆောင်ရန် လိုအပ်နေပါသည်။

•ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှုတို့ကြောင့် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူအများအပြားသည် စားနပ်ရိက္ခာ မဖူလုံမှုနှင့် ဝင်ငွေရရှိနိုင်မည့် ရင်းမြစ်များအား လက်လှမ်းမီမှု နည်းပါးသွားခြင်းတို့ကို ကြုံတွေ့ကြရပါသည်။ ထိခိုက်လွယ်သော အုပ်စုဖြစ်သည့် အမျိုးသမီးများအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများရှိပြီး ထိုအမျိုးသမီးများသည် ဝင်ငွေရရန်နှင့် မိသားစုအား ကျွေးမွေးထောက်ပံ့နိုင်ရန် အန္တရာယ်ကျရောက်နိုင်ခြေ ပိုများသည့် အမူအကျင့်များကို လုပ်ဆောင်လာနိုင်ဖွယ် ရှိပါသည်။

•အသွားအလာကန့်သတ်ချက်များနှင့် အချို့နေရာဒေသများသို့ သွားရောက်ရန် စိန်ခေါ်မှုများရှိနေခြင်းကြောင့် နိုင်ငံတကာအဖွဲ့အစည်းများသည် ဘေးဒဏ်သင့်ပြည်သူများအတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ဒေသခံအဖွဲ့အစည်းများအပေါ် ပို၍ မှီခိုအားထားလာရပါသည်။ ထိုဒေသခံအဖွဲ့အစည်းများသည် SEA အား ကြိုတင်ကာကွယ်ရန်နှင့် စွပ်စွဲတိုင်ကြားချက်များအား တုံ့ပြန်ဖြေရှင်းပေးရန် လိုအပ်သည့် စွမ်းရည်များ မရှိဘဲ ဖြစ်နေနိုင်ပါသည်။ အသွားအလာကန့်သတ်ချက်များကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများသည်လည်း ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုများအား ရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။

•အဖွဲ့အစည်းများအားလုံး သတင်းပို့စီရင်ခံရေး မူဘောင် (Inter-agency Reporting Framework) အား ထောက်ခံအတည်ပြုခဲ့သည့် ၂၀၂၀ ခုနှစ်မှစတင်၍ PSEA ကွန်ရက်မှ လက်ခံရရှိခဲ့သော စွပ်စွဲတိုင်ကြားချက်များအားလုံးသည် မြန်မာနိုင်ငံသား ဝန်ထမ်းများအား တိုင်ကြားထားမှုများ ဖြစ်နေပါသည်။ ဤအချက်ကို ကြည့်လျှင် လူထုနှင့် အနီးကပ်ထိတွေ့ဆက်ဆံနေရသော ဝန်ထမ်းများအတွက် SEA ကို တင်းတင်းကျပ်ကျပ် တားမြစ်ထား ကြောင်း နားလည်သိရှိအောင် လုပ်ဆောင်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြ နေပါသည်။ ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှုနှစ်ခုစလုံးကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ် မှုများအား တုံ့ပြန်ဖြေရှင်းရာတွင် ဒေသခံလုပ်ဆောင်သူများသည် ပိုမို တက်ကြွသော အခန်းကဏ္ဍမှ

ပါဝင်လာရသောကြောင့် ၎င်းတို့၏ SEA ကို ကြိုတင်ကာကွယ်နိုင်စွမ်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း မြှင့်တင်ပေးရန်နှင့် ကူညီပံ့ပိုးမှုများ ပေးရန် လိုအပ်နေပါသည်။

•အမျိုးသမီးလိင်လုပ်သားများသည် ကမ္ဘာ့ကပ်ရောဂါကြောင့် ပုံမှန်ဝင်ငွေ မရတော့သဖြင့် ကြီးစွာသော အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်နေရပါသည်။ ဝင်ငွေ ဆုံးရှုံးကြရသည့် အခြားအမျိုးသမီးများနည်းတူ ၎င်းတို့သည်လည်း မိသားစုများအား ကျွေးမွေးထောက်ပံ့နိုင်ရန် ကြိုးစားရင်း SEA အပါအဝင် ခေါင်းပုံဖြတ်ခံရသည့် အခြေအနေများနှင့် ကြုံတွေ့ရသည့် အဖြစ်သို့ ရောက်ရှိအောင် တွန်းပို့ခံရနိုင်ပါသည်။

နိဒါန်း

လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု (SEA) ခံရနိုင်ခြေအန္တရာယ် ဆန်းစစ်လေ့လာချက်အား ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် အစီအစဉ်ရေးဆွဲခဲ့ပြီး ကချင်ပြည်နယ်ရှိ IDP စခန်း များတွင် ပြုလုပ်ခဲ့သည့် ဦးတည်အုပ်စုဆွေးနွေးပွဲများအပြင် ရရှိနိုင်သော သုတေသနစာရွက်စာတမ်းများကို ပြန်လည်သုံးသပ်လေ့လာမှုများပေါ်တွင် အဓိကအားဖြင့် အခြေခံထားပါသည်။ ယခုတင်ပြမည့် နောက်ဆုံးရအချက်အလက်များအား စုဆောင်းရာတွင်လည်း တူညီသည့် နည်းစနစ်ကိုပင် အသုံးပြုထားပါသည်။ ၂၀၂၀ ခုနှစ် ဇူလိုင်လ (၃၀) ရက်နေ့မှ သြဂုတ်လ (၃၀) ရက်နေ့အထိ အွန်လိုင်းမှ ပြုလုပ်ခဲ့သည့် ဝန်ထမ်းများ၏ အသိအမြင်ဗဟုသုတ၊ သဘောထားခံယူချက်နှင့် လက်တွေ့ကျင့်သုံး မှု (KAP) စစ်တမ်း၊ ActionAid မြန်မာမှ UNICEF မြန်မာနှင့် ပူးတွဲဆောင်ရွက်သည့် စီမံကိန်း အောက်ရှိ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး တို့တွင် ပြုလုပ်ခဲ့သည့် ရပ်ရွာအဆင့် သုတေသနရလဒ်များအပြင် ရရှိနိုင်သော စာရွက်စာတမ်းများ အား လေ့လာသုံးသပ်မှုများပေါ်တွင် အခြေခံထားခြင်း ဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ခုနှစ် **PSEA** ကွန်ရက် လုပ်ဆောင်ချက်များ

၂၀၂၀ ခုနှစ် ထိခိုက်နိုင်ခြေအန္တရာယ်ဆန်းစစ်လေ့လာချက်မှ ဖော်ထုတ်သတ်မှတ်ပေးခဲ့သည့် ဦးစားပေးကိစ္စများဖြစ်သည် ဒေသခံအဖွဲ့အစည်းများ၏ PSEA ဆိုင်ရာ စွမ်းရည်မြှင့်တင်မှုများအထူးသဖြင့် ဝန်ထမ်း များ၏ အသိအမြင် တိုးတက်ရေး - စွပ်စွဲတိုင်ကြားချက်များအား အဖွဲ့အစည်းမှ ကြိုတင်ကာကွယ်နိုင်စွမ်းနှင့် တုံ့ပြန်ဆောင်ရွက်ပေးနိုင်စွမ်း ရှိရေးအတွက်ပါ ရည်ရွယ်၍ ဆောင်ရွက်ပေးရန်ကိစ္စလည်း ပါဝင်ခဲ့ပါသည်။ ထို့အပြင် ဘေးဒဏ်သင့်ပြည်သူများအတွက် အသိပညာပေး ပစ္စည်းများ၊ အထောက်အကူများကိုလည်း ဒေသ၏ အခြေအနေနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ပြုစုထားရန် လိုအပ်ကြောင်းကိုလည်း ဆန်းစစ်လေ့လာချက်တွင် တွေ့ရှိခဲ့ပါသည်။ အဖွဲ့အစည်းများအတွင်း စွမ်းရည်မြှင့်တင်ပေးရန် PSEA ကွန်ရက်မှ လုပ်ဆောင်မှုများ ရှိခဲ့သော်လည်း ဆောင်ရွက်ခဲ့သည့် စစ်တမ်းများ၏ ရလဒ်များအရ မည်သည့်ပြုမူလုပ်ဆောင်မှုများကို SEA အဖြစ် သတ်မှတ်နိုင်မည်၊ မည်သို့သတင်းပို့တိုင်ကြားနိုင်မည်ဆိုသည်တို့ကို ရပ်ရွာလူထု နားလည်သိရှိမှု မြင့်မားလာအောင် မြှင့်တင်ပေးရန်သာမက ဝန်ထမ်းများ၏ အသိအမြင်ဗဟုသုတများ တိုးတက်လာအောင် လုပ်ဆောင်ပေးရန်လည်း လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။

ဝန်ထမ်းများ၏ အသိအမြင်ဗဟုသုတ၊ သဘောထားခံယူချက်များနှင့် လက်တွေ့ကျင့်သုံးမှုများ စစ်တမ်း

ဝန်ထမ်းများ၏ အသိအမြင်ဗဟုသုတ၊ သဘောထားခံယူချက်များနှင့် လက်တွေ့ကျင့်သုံးများ (‘KAP’) အွန်လိုင်းစစ်တမ်းတစ်ခုအား MIMU ၏ အကူအညီဖြင့် ၂၀၂၀ ခုနှစ် ဇူလိုင်လ (၃၀) ရက်မှ သြဂုတ်လ (၃၁) ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။ စစ်တမ်းအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ စလုံး ဖြင့် ဖြေဆိုနိုင်ပါသည်။ စစ်တမ်းတွင် ဖြေကြားမှုစုစုပေါင်း ၅၃၅ ခုကို လက်ခံရရှိခဲ့ပြီး အင်္ဂလိပ် ဘာသာဖြင့် ဖြေကြားမှု ၂၈၀ နှင့် မြန်မာဘာသာဖြင့် ဖြေကြားမှု ၂၅၅ ခု ပါဝင်ပါသည်။ စစ်တမ်း ၏ ရည်ရွယ်ချက်မှာ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များသည် PSEA အကြောင်း မည်မျှ နားလည် ကြောင်း သိရှိနိုင်ရန်အတွက်သာမက ပို့ချခဲ့သည့် သင်တန်းများ၏ ထိရောက်မှုကို တိုင်းတာရန် လည်း

ဖြစ်ပါသည်။ စစ်တမ်းဖြေဆိုခဲ့သူများထဲမှ အများစု (၆၇%) သည် PSEA သင်တန်း တစ်မျိုး မဟုတ်တစ်မျိုးကို ရရှိထားပြီးသူများ ဖြစ်ကြပါသည်။ ယေဘုယျ ခြုံကြည့်မည်ဆိုလျှင် PSEA ၏ အဓိကျသော အခြေခံစည်းမျဉ်းများကို နားလည်သိရှိကြကြောင်း တွေ့ရပါသည်။ သို့သော် စိုးရိမ်စရာကောင်းသည့်အချက်မှာ PSEA သင်တန်း တက်ရောက်ထားသူများထဲမှ အချို့သည်ပင်လျှင် အခြေခံကျသည့် မေးခွန်းအချို့ကို မှန်ကန်စွာ ဖြေဆိုနိုင်မှု မရှိကြောင်း တွေ့ရခြင်းပင် ဖြစ်သည်။ မှန်ကန်စွာ ဖြေဆိုနိုင်ခြင်း မရှိသည့် မေးခွန်းများထဲတွင် အကူအညီပေးရေးဝန်ထမ်းများအနေဖြင့် တစ်စုံတစ်ဦးနှင့် လိင်ပိုင်းဆိုင်ရာ ဆက်ဆံရေးများ ထားရှိမည်ဆိုလျှင် ထိုသူသည် အနည်းဆုံး အသက် (၁၈) နှစ် ပြည့်ပြီးဖြစ်ရမည်ဟူသည့် အငယ်ဆုံးအသက်အရွယ် သတ်မှတ်ချက်၊ ထိုဝန်ထမ်း များသည် လိင်လုပ်သားများအား မည်သည့်အခါမျှ အသုံးပြုခွင့်မရှိကြောင်း ပိတ်ပင်တားမြစ်ချက်၊ စသည်တို့နှင့် စပ်လျဉ်းသော မေးခွန်းများ ပါဝင်ပါသည်။ အချို့သော ဖြေဆိုသူများသည် မဖြစ်မနေ သတင်းပို့အစီရင်ခံရမည့် တာဝန်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ရန် မသင့်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းရှင်းလင်းလင်း နားလည်သိရှိမှု မရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် ၎င်းတို့၏ အဖွဲ့အစည်းများသည် ရပ်ရွာလူထုအတွက် PSEA ဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးပြီးခြင်း ရှိ/မရှိကိုလည်း ဖြေဆိုသူများက သေသေချာချာ မသိရှိကြပါ။ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများကြားတွင် ထွက်ပေါ်လာသော ရလဒ်များသည် ဆင်တူလျက်ရှိကြောင်း တွေ့ရှိရပါသည်။

KAP စစ်တမ်းရလဒ်များက မီးမောင်းထိုးပြနေသည့်အချက်မှာ ဝန်ထမ်းများအတွက် PSEA သင်တန်းများကို စဉ်ဆက်မပြတ် ပုံမှန် ကျင်းပပေးသင့်ပြီး လိင်ဆက်ဆံရေးများအတွက် ခွင့်ပြု သည့် အငယ်ဆုံးအသက်အရွယ်သတ်မှတ်ချက်အပြင် လိင်လုပ်သားများအား အသုံးပြုခွင့် ပိတ်ပင်တားမြစ်ချက်များအကြောင်း အလေးပေး၍ သင်ကြားပို့ချပေးသင့်သည်ဟူသော အချက် ဖြစ်ပါ သည်။

ထို့ပြင် အဖွဲ့အစည်းများသည် SEA နှင့်ပတ်သက်၍ ကောလာဟလများ ဖြစ်နေလျှင်ပင် သတင်းပို့အစီရင်ခံရမည့် တာဝန်ကို အလေးထား ဆောင်ရွက်သင့်ပြီး စုံစမ်းစစ်ဆေးမှုများကိုလည်း စီမံခန့်ခွဲရေးအဖွဲ့၏ အကဲဖြတ်သုံးသပ်ချက် ပြုလုပ်ပြီးနောက်မှသာ ထိုအတွက် သီးသန့်လေ့ကျင့် သင်တန်းပေးထားသည့် ကျွမ်းကျင်ပညာရှင်များကသာ လုပ်ဆောင်သင့်ပါသည်။ ရပ်ရွာလူထုကို လည်း SEA ကိစ္စများအကြောင်းနှင့် သတင်းပို့တိုင်ကြားနိုင်မည့် နည်းလမ်းများကို နားလည်သိရှိနိုင် ရန်အတွက် အသိပညာပေးအစီအစဉ်များ တိုးမြှင့်လုပ်ဆောင်ရန်လည်း အားထုတ်သင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ သင်တန်းပို့ချထားမှုများမှ အပြုသဘောဆောင်သော အကျိုးရလဒ်များ ရှိခဲ့ပါသည်။ ယေဘုယျအားဖြင့် သင်တန်းရရှိထားသူများသည် မရထားသူများထက် PSEA အခြေခံ စည်းမျဉ်းများအကြောင်း ပို၍ နားလည်သိရှိကြသဖြင့် ဝန်ထမ်းများ၏ မသိနားမလည်မှုကြောင့် SEA ဖြစ်ရပ်များ ဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်ခဲ့ကြောင်း တွေ့ရှိရသည်မှာ အားတက်ဖွယ်ရာ ကောင်းပါသည်။

*ActionAid* မြန်မာ၏ သုတေသနစီမံကိန်း

၂၀၂၀ ခုနှစ် မေလမှ ၂၀၂၁ ခုနှစ် မတ်လအတွင်း ActionAid Myanmar သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းသူ (IDP) စခန်းများနှင့် မကွေးတိုင်းဒေသကြီးရှိ ရပ်ရွာလူမှုအသိုင်းအဝိုင်းများထဲတွင် ဦးတည်အုပ်စုဆွေးနွေးပွဲများ (focus group discussions) နှင့် သတင်းအချက်အလက်ပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများ (key informant interviews) ကျင်းပပြုလုပ်၍ SEA နှင့် စပ်လျဉ်းသည့် သဘောထားအမြင်များအား သုတေသနပြု လေ့လာခဲ့ပါသည်။ UNICEF နှင့် ပူးပေါင်းလုပ်ဆောင်သော ထိုလေ့လာမှုတွင် UNICEF ၏ UReport tool ကို အသုံးပြု၍ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးရှိ လူထု၏ SEA ဆိုင်ရာ အသိအမြင်များနှင့်စပ်လျဉ်း၍ စစ်တမ်းတစ်ခု ကောက်ယူခဲ့သည်။ အပြီး သတ်အစီရင်ခံစာ မကြာမီ ထွက်လာတော့မည်ဖြစ်ပြီး ရှေ့ပြေးသုတေသနရလဒ်များအရ IDP များ

အပါအဝင် ဖြေဆိုသူအများစုသည် SEA အကြောင်း ကောင်းစွာ နားလည်သိရှိခြင်း မရှိကြောင်း ပေါ်လွင်ထင်ရှားလျက် ရှိပါသည်။ အများစုသည် SEA သဘောတရားအား အနီးကပ်ဆုံးအဖော်မှ ကျူးလွန်သူမှ အကြမ်းဖက်မှု (intimate patner violence)၊ မုဒိမ်းကျင့်ခြင်းကဲ့သို့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များနှင့် ကွဲပြားခြင်းမရှိဘဲ ရောနှောနေပါသည်။ အခွင့်အာဏာနှင့် SEA တို့သည် အပြန်အလှန်ချိတ် ဆက်မှုရှိပြီး အခွင့်အာဏာကို အလွဲသုံးစားပြုခြင်းမှအစပြု၍ SEA ဖြစ်ပေါ်လာနိုင်ပုံကို နားလည် သိရှိမှုလည်း နည်းပါးနေပါသည်။ UReport စစ်တမ်းအရ အကူအညီပေးရေးဝန်ထမ်းများတွင် လိုက်နာစောင့်ထိန်းရမည့် ပညာရှင်ကျင့်ဝတ်စံနှုန်းများ ရှိနေကြောင်းကို ဖြေဆိုသူအများစု သို့မဟုတ် ၉၁% က မသိရှိကြပါ။ ထို့ပြင်မက ဖြေဆိုသူများ၏ ၉၅% နီးပါးက လိင်လုပ်သားတစ်ဦး နှင့် ဆက်ဆံခြင်း သို့မဟုတ် ကလေးငယ်များနှင့် လိင်ဆက်ဆံခြင်းသည် SEA ကို ကျူးလွန်ရာ မရောက်ဟု ထင်မြင်ယူဆကြပါသည်။ ထို့ပြင် SEA အား သတင်းပို့တိုင်ကြားခြင်း မပြုဖြစ်အောင် ဟန့်တားထားသည့် အဟန့်အတားများမှာ ဆက်လက်ရှင်သန်သူများကို လူမှုအသိုင်းအဝိုင်းမှ ဆန့် ကျင်ပစ်ပယ်သည့် ပုံစံဖြင့် လက်တုံ့ပြန်ခြင်းခံရမည်ကို ကြောက်ရွံ့ခြင်း သို့မဟုတ် သတင်းပို့တိုင် ကြားမှု ယန္တရားများသည် လျှို့ဝှက်ချက်အား ထိန်းသိမ်းပေးခြင်း ရှိ/မရှိ သေချာစွာ မသိခြင်းများ ဖြစ်ကြောင်းဟု လေ့လာမှုတွင် တွေ့ရှိရပါသည်။

လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူ ဝန်ထမ်းများ ရောက်ရှိနေသည်မှာ ဆယ်စုနှစ်တစ်စု ကြာ မြင့်နေပြီဖြစ်သည့် ကချင်ပြည်နယ်တွင်ပင် သုတေသနအတွက် တွေ့ဆုံမေးမြန်းခဲ့သော ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူအများအပြားသည် မည်သည့် ပြုမူလုပ်ဆောင်မှုများကို SEA အဖြစ် သတ်မှတ်နိုင်ကြောင်းကိုလည်းကောင်း၊ SEA ဖြစ်ရပ်များအား မည်သည့်နေရာသို့ သတင်းပို့ တိုင်ကြားရမည်ကိုလည်းကောင်း သိရှိခြင်း မရှိကြကြောင်း ActionAid မြန်မာမှ လေ့လာတွေ့ရှိခဲ့ ပါသည်။ ActionAid မြန်မာက သုတေသနတွေ့ရှိချက်များပေါ်တွင် အခြေခံ၍ အကြံပြုချက်လေးခု ကို ပေးအပ်ထားပါသည် - ၁) ရပ်ရွာလူထုများကြား PSEA အသိပညာမြှင့်တင်မှုများ တိုးမြှင့်ပြုလုပ်

ပေးရန်၊ ၂) ဝန်ထမ်းများအားလုံး၊ အထူးသဖြင့် ရပ်ရွာအဆင့်မှ စေတနာလုပ်အားရှင်များအတွက် PSEA သင်တန်းများ ပုံမှန်ကျင်းပပေးရန်၊ ၃) SEA ကို ကိုင်တွယ်ဖြေရှင်းရာတွင် (ဥပမာ ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ချက်များ၊ လျှို့ဝှက်ချက်ကို ထိန်းသိမ်းပေးပြီး လုံခြုံစိတ်ချရသော သတင်းပို့တိုင်ကြားမှုလမ်းကြောင်းများ) ရပ်ရွာလူထုများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများအား ပူးပေါင်းပါဝင်ဆောင်ရွက်စေရန်၊ ၄) အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ခိုနားရာနေရာများ (safe spaces) တွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေသည့် PSEA လုပ်ငန်းယန္တရားများကိုပါ ပေါင်းစပ်ထည့်သွင်းပေးထားရန် ဖြစ်ပါသည်။ ဤသုတေသနရလဒ်များ၏ အရေးပါသည့်အချက်မှာ လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများသည် ဘေးဒဏ်သင့် ပြည်သူများ အား SEA စံနှုန်းများကို ထိထိရောက်ရောက် ဆက်သွယ်အသိပေးထားခြင်း မရှိကြောင်းနှင့် SEA များကျူးလွန်ပြီး ပြစ်ဒဏ်ခံရခြင်း မရှိဘဲ လွတ်မြောက်နေမှုများ မရှိရလေအောင် ဤနယ်ပယ်တွင် ယခုထက်ပို၍ အရေးတကြီး လုပ်ဆောင်မှုများ လိုအပ်နေကြောင်း အထောက်အထားနှင့်တကွ ဖော်ထုတ်ပြသပေးနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

### ကိုဗစ်-၁၉ နှင့် ယင်း၏ အကျိုးသက်ရောက်မှု

ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် ဆန်းစစ်လေ့လာမှုအများစုအား ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု မဖြစ်ပွားမီ ၂၀၂၀ ခုနှစ်အတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်း၊ မြန်မာနိုင်ငံအစိုးရနှင့် UN တို့မှ အသီးသီးဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ အခြေအနေသည် နေ့စဉ်နှင့်အမျှ ပြောင်းလဲမှုရှိနေပြီး အထူးသဖြင့် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး ချင်းပြည်နယ်ရှိ ဒေသအများစပါဝင်သည့် နိုင်ငံ၏ အနောက်ဘက်ခြမ်းတွင် ပို၍ အပြောင်းအလဲ မြန်နေပါသည်။ ဤအစီရင်ခံစာ ရေးသားနေစဉ်အတွင်း ထိုဒေသတွင် လှော့ဒေါင်းများ ချထားပါသည်။ ထို့ကြောင့် နောက်ဆုံးရအချက်အလက်များအား တင်ပြထားသည့် ယခုအစီရင်ခံစာပါ ကောက်ချက်ချသုံးသပ်မှုများသည် ယေဘုယျဆန်သော သုံးသပ်ချက်များသာ ဖြစ်ပါလိမ့်မည်။

မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများအကြောင်း တင်ပြထားသည့် ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်စောင်တွင် လူတစ်ဦးချင်း၊ အိမ်ထောင်စုများ၊ ရပ်ရွာလူမှုအသိုင်းအဝိုင်းများ၊ တစ်နိုင်ငံလုံးနှင့် နိုင်ငံအစိုးရတို့အပေါ် သက်ရောက်မှုများအား တင်ပြပေးထားပါသည်။ ထိုအစီရင်ခံတွင် ကိုဗစ်-၁၉ သည် အမျိုးသမီးများ၏ စွမ်းဆောင်ခွင့်/လုပ်ပိုင်ခွင့် ကင်းမဲ့မှုနှင့် အထောက်အကူပြုကွန်ရက်များအား ဆုံးရှုံးမှု အခြေအနေတို့ကို ပိုမိုဆိုးရွားစေခဲ့ပြီး အခြားနိုင်ငံအများအပြားနည်းတူ မြန်မာနိုင်ငံတွင်လည်း အိမ်ထောင်စုများသည် ဝင်ငွေဆုံးရှုံးမှုနှင့် အခြားသော ဖိစီးမှုများကို ရင်ဆိုင်ကြုံတွေ့ရသောအခါ အိမ်တွင်း အကြမ်းဖက်မှုများနှင့် ကျားမအခြေပြုအကြမ်းဖက်များ ဖြစ်ပွားမှု ပိုမိုတိုးပွားလာကြောင်း သုံးသပ်တင်ပြထားပါသည်။

SEA သည် ကျားမညီမျှမှု မရှိခြင်း၏ ပြယုဂ်တစ်ခု ဖြစ်ပြီး ကျားမအခြေပြု အကြမ်းဖက်မှုအောက် တွင် ပါဝင်သည့် အုပ်စုငယ်တစ်ခု ဖြစ်သောကြောင့် ကိုဗစ်-၁၉ ၏ နောက်ဆက်တွဲရလဒ်အဖြစ် SEA အန္တရာယ်သည်လည်း ပိုမို မြင့်တက်လာဖွယ်ရှိပါသည်။ ထိုမျှမက မိသားစု များသည် လယ်ယာမြေကဲ့သို့ ကုန်ထုတ်လုပ်ရန် အသုံးပြုသည့် ပိုင်ဆိုင်ပစ္စည်းများနှင့် အိမ်ရာများ လက်လှမ်းမှီ အသုံးပြုနိုင်မှုအား ဆုံးရှုံးကြရပြီး စားနပ်ရိက္ခာမဖူလုံမှုများ မြင့်တက်လာသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ သက်ရောက်မှုဆိုင်ရာ UN အစီရင်ခံစာတွင် ဤအကျပ်အတည်းကြောင့် အလုပ်အကိုင်များ ရပ်တန့်ဆုံးရှုံးရမှုများသည် အမျိုးသမီးများအပေါ် ပို၍ တစ်ဖက်စောင်းနင်း သက်ရောက်မှုရှိပြီး သက်ရောက်မှုများတွင် ဝင်ငွေရ အလုပ်ချိန်များ လျော့နည်းသွားခြင်းလည်း ပါဝင်သည် ဟု ဆိုပါသည်။ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းကဏ္ဍအတွင်း လုပ်ကိုင်နေသော လုပ်သားပေါင်း ၇၀၀,၀၀၀ တွင် ခန့်မှန်းခြေ ၉၀% သည် အမျိုးသမီးလုပ်သားများ ဖြစ်သည်ဟုလည်း ဆိုပါသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍအပေါ် သက်ရောက်မှုသည် အမျိုးသမီးများ အား ပို၍ ထိခိုက်လွယ်စေခဲ့သည်။ ထိုကဲ့သို့ ကိုဗစ်-၁၉ ၏ မြန်မာနိုင်ငံရှိ

အမျိုးသမီးများအပေါ် ကြီးမားသည့် သက်ရောက်မှုသည် အမျိုးသမီးများ၏ လိင်လုပ်သားအဖြစ် လုပ်ကိုင်မှု၊ ခေါင်းပုံဖြတ် သည့် ဆက်ဆံရေးများ နှင့်/သို့မဟုတ် ကုန်ပစ္စည်း (သို့) ဝန်ဆောင်မှုများအား လိင်နှင့် အလဲအလှယ် ပြုမှုကဲ့သို့ အန္တရာယ်ရှိသည့် လုပ်ရပ်များတွင် အမျိုးသမီးများ ပါဝင်ပတ်သက်လာနိုင်ခြေ ပို၍ မြင့်မားလာစေရန် တွန်းပို့ပေး ပြုနေပါသည်။ ထိုလုပ်ရပ်များတွင် အကူအညီပေးရေး ဝန်ထမ်း များလည်း ပါဝင်ပတ်သက်နေနိုင်ပြီး SEA ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသည့် လုပ်ရပ်များ ဖြစ်သဖြင့် SEA ဖြစ်ရပ်များ ပေါ်ပေါက်လာနိုင်ခြေ ရှိကြောင်း သုံးသပ်နိုင်ပါသည်။

လိင်လုပ်သားများသည် ကိုဗစ်-၁၉ ကြောင့် ကြီးစွာသော အခက်အခဲ အကျပ်အတည်းများကို ရင်ဆိုင်ကြရပါသည်။ အဖွဲ့အစည်းများ ပူးပေါင်းလုပ်ဆောင်သည့် ပူးတွဲအစီရင်ခံတစ်ခုတွင် တွေ့ဆုံမေးမြန်းခဲ့သည့် လိင်လုပ်သားအများစုက ၎င်းတို့၏ ဝင်ငွေများ ၉၀% အထိ လျော့နည်းသွား ကြောင်း သို့မဟုတ် အလုပ်လုံးဝမရှိတော့ကြောင်း ပြောပြကြပါသည်။ ရွှေ့ပြောင်းသွားလာသည့် လိင်လုပ်သားအများအပြားသည် လိုအပ်သည့် သက်သေခံစာရွက်စာတမ်းများ မရှိသဖြင့် အစိုးရ၏ ကူညီထောက်ပံ့မှုများအား လက်လှမ်းမီမှုမရှိသည့်အပြင် နယ်ခြားဂိတ်များ ပိတ်လိုက်ပြီးသည့် နောက်တွင် စိန်ခေါ်မှုများ ထပ်ဆောင်း ရင်ဆိုင်ခဲ့ကြရပြန်ပါသည်။ အမျိုးသမီးနှင့် မိန်းကလေး အများအပြားသည် ၎င်းတို့၏ အလုပ်အကိုင်များ ဆုံးရှုံးသွားပြီးသည့်နောက်တွင် လိင်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လာကြလိမ့်မည်ဟု တွေ့ဆုံမေးမြန်းခဲ့သည့် လိင်လုပ်သားများက မှန်းဆကြပြီး ၎င်းတို့၏ ဈေးကွက်သည် မကြာမီ အလွန်အမင်းပြည့်သွားလိမ့်မည်ဟု စိုးရိမ်နေပါသည်။ မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုအခြေအနေနှင့် စီးပွားရေးအခြေအနေသည် တစ်နေ့ တစ်ခြား ဆက်လက်ဆိုးရွားလာသည်နှင့်အမျှ လိင်လုပ်သားများအပါအဝင် အမျိုးသမီးများအပေါ် ဖိအားများ ဆက်လက်မြင့်တက်လာမည်ဖြစ်ပြီး ၎င်းတို့၏ ရှင်သန်ရပ်တည်ရေးနှင့် မိသားစုအား ထောက်ပံ့ကျွေးမွေးနိုင်ရေးအတွက် ခေါင်းပုံဖြတ်သော လုပ်ရပ်များ လုပ်ငန်းများတွင်

ပါဝင်ပတ်သက်ဖြစ်အောင် တွန်းပို့ပေးနိုင်ပါသည်။ SEA သည် ထိုကဲ့သို့သော ပြုမူလုပ်ဆောင်မှုများအောက်တွင် ပါဝင်သည့် အုပ်စုငယ်တစ်ခု ဖြစ်သဖြင့် SEA ဖြစ်ရပ်များ ဖြစ်ပွားမှုသည်လည်း တိုးပွားလာလိမ့်မည်ဟု ခန့်မှန်း ရပါသည်။

UN နှင့် NGO များသည် ကိုဗစ်-၁၉ ပြန့်ပွားမှုအား ထိန်းချုပ်ရန်အတွက် အစိုးရမှ ချမှတ်ထားသည့် အသွားအလာ ကန့်သတ်ချက်များနှင့် လော့ဒေါင်းများကြောင့် ရပ်ရွာအဆင့် အစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် ဒေသခံ အကူအညီပေးရေး လုပ်ဆောင်သူများအပေါ် ပို၍ မှီခိုအားထားလာရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် ယင်းမတိုင်မီက လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ ဆောင် ရွက်နေသည့် နေရာဒေသများ၏ အပြင်ဘက်အထိ (ဆိုလိုသည်မှာ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ထက် ပို၍ ကျယ်ဝန်းသော ဒေသများအထိ) ရောက်ရှိနေပြီး ပိုမို ကြီးမားကျယ်ပြန့်သည့် သက်ရောက်မှုများကို ဖြစ်ပေါ်စေလျက်ရှိခြင်းကြောင့် UN နှင့် NGO များ အနေဖြင့် မတူကွဲပြားမှု ပိုမို များပြားသည့် လုပ်ဆောင်သူအသစ်များနှင့် လက်တွဲလုပ်ကိုင်လာကြ ရပါသည်။ အဆိုပါ လုပ်ဆောင်သူများအသစ်များသည် PSEA မူဝါဒများအား ချမှတ်အကောင်အ ထည်နေဖော်ခြင်း မရှိနိုင်သလို ခိုင်မာအားကောင်းသည့် သတင်းပို့တိုင်ကြားမှု လုပ်ငန်းယန္တရား များလည်း ရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် SEA လုပ်ရပ်များ ကျူးလွန်နိုင်ခြေအန္တရာယ်နှင့် လုံလောက်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်စွမ်း မရှိမှုများ တိုးပွားလာနိုင်ပါသည်။

စစ်အာဏာသိမ်းခြင်း၏ အကျိုးသက်ရောက်မှု

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်နေ့ စစ်အာဏာသိမ်းမှုနှင့် ယင်း၏ နောက်ပိုင်းတွင် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှု အခြေအနေသည် သိသိသာသာ ပိုမို ဆိုးရွားလာခဲ့ပြီး မဖွယ်မရာ ပြုမှု၊ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းမှု၊ အသက်အန္တရာယ်နှင့် လွတ်လပ်ခွင့်အား ခြိမ်းခြောက်မှု များ ရှိသည်ဟူသည့် စွပ်စွဲချက်များ နေရာအနှံ့ဖြစ်ပေါ်လာခြင်းနှင့်အတူ 'လူသားချင်းစာနာထောက် ထားမှု

ကပ်ဘေးဆိုးကြီး' ('humanitarian catastrophe') တစ်ခု အသွင်သို့ ဦးတည်ပြောင်းလဲ လာပါသည်။ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ပြည်သူများ (နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများအပါအဝင်) သည် ငွေသားထုတ်ယူနိုင်ခြင်းမရှိသည့် အခက်အခဲများကို ရင်ဆိုင်ကြရပါသည်။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ဖြစ်ပွားသည့် ပဋိပက္ခ များ၏ ဒဏ်ကို ခံကြရသည့် ဒေသများတွင် စားနပ်ရိက္ခာနှင့် လောင်စာ ပြတ်လပ်မှုများ ရှိကြောင်း အစီရင်ခံမှုများကိုလည်း လက်ခံရရှိပါသည်။ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် အသစ်ရောက်ရှိလာသော နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများအတွက် နေစရာအမိုးအကာနှင့် ဆေးဝါးပစ္စည်းများ မရှိခြင်းကြောင့် ကလေးငယ်များ သေဆုံးကြရပါသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဆောင်ရွက်ခဲ့သည့် အကူအညီ၊ အထောက်အပံ့များ ဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (Post-distribution Monitoring Report) တစ်စောင်တွင် ယေဘုယျအားဖြင့် စားနပ်ရိက္ခာဖူလုံမှုအခြေအနေသည် ပိုမို ဆိုးရွားလာပြီး စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ ၆၃ % သည် အကျပ်အတည်းမတိုင်မီကနှင့် နှိုင်းယှဉ်လျှင် ဝင်ငွေများ လျော့နည်းသွားကြောင်း WFP မှ တွေ့ရှိခဲ့ပါသည်။

ယခုအခါ လူသားချင်းစာနာထောက်ထားမှု အကူအညီများအား အရေးတကြီး လိုအပ်နေပြီး အထူးသဖြင့် ပဋိပက္ခဒေသများတွင် များစွာ လိုအပ်လျက်ရှိပါသည်။ သို့သော် လုံခြုံရေးအရ စစ်ဘက်မှ ပူးပေါင်းကူညီပေးမှု မရှိပါက အကူအညီလိုအပ်နေသော ဒေသများသို့ သွားရောက်နိုင်မှုမှာ များစွာ အကန့်အသတ် ရှိနေသဖြင့် လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများသည် အခက်အခဲ များ ကြုံတွေ့လျက်ရှိပါသည်။ စစ်အစိုးရမှ နိုင်ငံတကာအဖွဲ့အစည်းအချို့၏ မှတ်ပုံတင်ထားမှု အခြေအနေအား စုံစမ်းမေးမြန်းနေသည်ဖြစ်ရာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (NGOs) သည် နိုင်ငံတွင်းရှိ ၎င်းတို့၏ တရားဝင်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသော ပြဿနာများကိုလည်း

ရင်ဆိုင်နေကြရပါသည်။ ငွေသားမရခြင်းသည်လည်း NGO များ ကြုံတွေ့နေရသည့် ပြဿနာ တစ်ခု ဖြစ်ပြီး ငွေသားထုတ်မရခြင်း သို့မဟုတ် ဝန်ထမ်းများအား လစာမပေးနိုင်ခြင်းများ ရှိနေ ပါသည်။

ကိုဗစ်-၁၉ ကဲ့သို့ပင် မြန်မာနိုင်ငံရှိ နိုင်ငံရေးအခြေအနေသည် နိုင်ငံတစ်ဝှမ်းရှိ အခြေအနေများကို ပိုမို ဆိုးရွားစေခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှု အကူအညီများ ပေးအပ်နိုင်ရေးတွင် အဟန့်အတား ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် 'ပုံမှန်အားဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ဖူးခြင်း မရှိသည့်' မိတ်ဖက်များမှ သက်ဆိုင်ရာ ဒေသအလိုက် ပါဝင်ကူညီ ဆောင်ရွက်ပေးရန် လိုအပ်ချက်များ တိုးပွားလာခဲ့ပါသည်။ အဆိုပါမိတ်ဖက်များ၏ လုပ်ငန်းဆောင် ရွက်မှုများသည် အတိုင်းအတာအားဖြင့် သေးငယ်ကောင်း သေးငယ်နိုင်သော်လည်း SEA နှင့် စပ်လျဉ်း၍ သင်တန်းများ၊ မူဝါဒ ချမှတ်ဆောင်ရွက်မှုများ မရှိပါက SEA ဖြစ်နိုင်ခြေအန္တရာယ်သည် တိုးပွားလာနိုင်ပါသည်။

တစ်ဖန် အမျိုးသမီးများသည် ဤအကျပ်အတည်း၏ ဆိုးကျိုးသက်ရောက်မှုကိုလည်း ခံကြရပြန် ပါသည်။ ၂၀၂၁ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သည့် Gender in Humanitarian Action Report GIHA (လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်ချက်များအတွင်းမှ ကျားမရေးရာ) ဟူသည့် အစီရင်ခံ စာတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ အကျပ် အတည်းများသည် 'အမျိုးသမီးများနှင့် မိန်းကလေးများ၊ အန္တရာယ်ကျရောက်လွယ်သော အုပ်စုများ အပေါ် မမျှမတ သက်ရောက်မှု ရှိပြီး ကာလရှည်ကြာ တည်ရှိလာခဲ့သည့် နဂိုရှိရင်းစွဲ ကျားမ ရေးရာ နှင့် လူမှုရေး တန်းတူညီမျှ မရှိမှုများအား ဆက်လက်တည်တံ့စေသည့်အပြင် ပိုမို ဆိုးရွား ပြင်းထန် လာစေသည်' ဟု ဖော်ပြပါရှိပါသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများတွင် အများစုသည် အမျိုးသမီးများ ဖြစ်နေခြင်းကြောင့် ထိုဝန်ကြီးဌာန၏ လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှု (Civil Disobedience Movement) တွင်လည်း အမျိုးသမီးများပေါ်တွင် တစ်ဖက်စောင်း နင်းသက်ရောက်မှု ရှိခဲ့သည်ဟု အစီရင်ခံထားပါသည်။ 'ပညာရေးဝန်ကြီးဌာနအောက်တွင် တာဝန်

ထမ်းဆောင်နေသော အမျိုးသမီး နိုင်ငံ့ဝန်ထမ်း ၂၂,၀၀၀ ကျော်သည် လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် အလုပ်မှ ဆိုင်းငံ့ခြင်း သို့မဟုတ် အလုပ်ထုတ်ပယ်ခြင်းခံကြရပြီး ဤအရေအတွက်သည် ဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းစုစုပေါင်း၏ ၈၂ ရာခိုင်နှုန်းကျော်ရှိသည်ဟု ဆိုပါသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာအကျပ်အတည်းကာလအတွင်း အကူအညီပေးရေးဝန်ထမ်းများ ကျူးလွန်သည့် SEA ဖြစ်ရပ်များ နေရာအနှံ့ဖြစ်ပွားခဲ့မှု သက်သေအထောက်အထားများအရ အမျိုးသမီးများသည် အလုပ်အကိုင်များ ခက်ခဲလာချိန် သို့မဟုတ် လူသားချင်းစာနာထောက်ထားမှု အခြေအနေတစ်ခုကြောင့် ထိခိုက်ခံစားချိန်တွင် ခေါင်းပုံဖြတ်ခံနိုင်ရမှု အန္တရာယ်အလွန်ပင် ကျရောက်လွယ်ကြောင်း သိရှိနိုင်ပါသည်။ DRC နိုင်ငံမှ SEA ကျူးလွန်သူများထဲတွင် ခိုင်မာအားကောင်းသည့် PSEA မူဝါဒများနှင့် သင်တန်းများ ချမှတ်ထားရှိသော UN နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အမျိုးသားများလည်း ပါဝင်နေပါသည်။ ထို့ကြောင့် အရာရာတိုင်းသည် စာရွက်ပေါ်တွင် အဆင်ချောနေပုံပေါ်နေလျှင်ပင် အကူအညီပေးရေးဝန်ထမ်းများနှင့် ရပ်ရွာလူထုကြားအခွင့်အာဏာ ကွာခြားချက် အလွန်တရာ ကြီးမားနေခြင်းကြောင့် ရပ်ရွာလူထုအပေါ် ခေါင်းပုံဖြတ် မှုနှင့်မဖွယ်မရာပြုမှု အန္တရာယ်သည် အလွန်ကျရောက်လွယ်ပြီး ကျူးလွန်သူများသည်လည်း အပြစ်ပေးခံရခြင်း မရှိဘဲ လွတ်မြောက်နေနိုင်ကြောင်း ဤအချက်က မီးမောင်းထိုးပြလျက် ရှိပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးများကဲ့သို့ ရပ်ရွာတွင်းရှိ အန္တရာယ်ကျရောက်လွယ်သူများအား မဖွယ်မရာပြုမှုများအကြောင်း ထုတ်ဖော်ပြောဆိုတိုင်ကြားနိုင်အောင် ကူညီပံ့ပိုးပေးရေးနှင့် တာဝန် ခံမှုရှိစေရေး နည်းလမ်းများကို ဆောင်ရွက်နိုင်ရန်အတွက် DRC နိုင်ငံတွင် ကြုံတွေ့ခဲ့သည့် အခြေအနေများမှ သင်ခန်းစာများ ရယူသင့်ပါသည်။

ယခင်က စုဆောင်းရရှိထားသည့် **SEA** ဆိုင်ရာ အချက်အလက်များ

၂၀၂၀ ခုနှစ် အစောပိုင်း PSEA ကွန်ရက်၏ သတင်းပို့အစီရင်ခံရေး မူဘောင်အား လက်ခံအတည်ပြုခဲ့ချိန်မှစ၍ ကွန်ရက်သည် SEA စွပ်စွဲတိုင်ကြားချက်များဆိုင်ရာ အစီရင်ခံစာများကို လက်ခံရရှိခဲ့ပါသည်။ ထိုစွပ်စွဲတိုင်ကြားချက်များအားလုံးသည် မြန်မာနိုင်ငံသားဝန်ထမ်းများအား တိုင်ကြားထားခြင်း ဖြစ်ပါသည်။ ဤအခြေအနေသည် ကမ္ဘာနှင့်အဝှမ်းတွင် ဖြစ်ပျက်နေသည့် အခြေအနေများနှင့် ကိုက်ညီမှုရှိပြီး နိုင်ငံသားဝန်ထမ်းများသည် နိုင်ငံတကာဝန်ထမ်းများထက် အရေအတွက်အားဖြင့် များစွာ ပိုမိုများပြားခြင်း၊ ရပ်ရွာလူထုအသိုင်းအဝိုင်းများနှင့် ပိုမို ထိတွေ့ဆက်ဆံရခြင်းကြောင့် SEA ဖြစ်ပွားနိုင်ခြေကို မြင့်မားစေသည်ဟု သုံးသပ်နိုင်ပါသည်။ ယေဘုယျအားဖြင့် ခြုံကြည့်လျှင် အစီရင်ခံတင်ပြလာသည့် အမှုကိစ္စများ၊ ဖြစ်ရပ်များ၏ အရေအတွက်သည် နည်းပါးသည်ဟု ဆိုနိုင်သော်လည်း ထိုအစီရင်ခံစာများတွင် လူထုအခြေပြု ကွင်းဆင်းလုပ်သားများကဲ့သို့ သောစေတနာ့ဝန်ထမ်းများအား စွပ်စွဲတိုင်ကြားချက်များလည်း ပါဝင်နေပါသည်။ ဤသည်ကို ကြည့်လျှင် မည်သည့် အလုပ်ခန့်ထားမှုစာချုပ် အမျိုးအစားပင် ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုနှင့် မည်သို့ပတ်သက်နေသည်ဖြစ်စေ ရှေ့တန်းမှ လုပ်ငန်းများ လုပ်ဆောင်နေသူအားလုံးအား SEA သင်တန်းများ ပေးထားရန် လိုအပ်ကြောင်း ပြသနေပါသည်။ ထို့အပြင် ဒေသခံအဖွဲ့အစည်းများ အား စွမ်းရည်မြှင်တင်ပေးရန် လိုအပ်ကြောင်း ထပ်လောင်း အတည်ပြုပေးလိုက်ခြင်းလည်း ဖြစ်ပါ သည်။ အထူးသဖြင့် ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်ပိုင်း မြန်မာနိုင်ငံရှိ မြေပြင် ပေါ်မှ လျှင်မြန်စွာ ပြောင်းလဲနေသော အခြေအနေနှင့် လိုအပ်ချက်အရ ပူးပေါင်းလက်တွဲလာကြ သောမိတ်ဖက်အဖွဲ့အစည်းအသစ်များအား စွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ဤသည်မှာ လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်ချက်များအား ဒေသ၏ အခြေအနေများနှင့်အညီ ဒေသန္တရအဆင့်မှ လုပ်ဆောင်ရန် (localisation) ဟူသည့် အခြေခံစည်းမျဉ်းနှင့်လည်း ကိုက်ညီနေသဖြင့် ဦးစားပေးဆောင်ရွက်သင့်ပါသည်။

သတိပြုရန် အရေးကြီးသည့်အချက်မှာ သတင်းပို့အစီရင်ခံရေးမှုဘောင်အား အတည်ပြုခဲ့ချိန်မှစ၍ လက်ခံရရှိသည့် အစီရင်ခံစာများပေါ်တွင် လိုအပ်သည်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်တိုင် ဤသည်မှာ အမှန်တကယ် လက်ခံရရှိသည့် အစီရင်ခံစာများ၏ အရေအတွက်မျှ သာ ဖြစ်ပါသည်။ GBV ဖြစ်ရပ်များမှာကဲ့သို့ပင် မြန်မာနိုင်ငံတွင် အမှန်တကယ်ဖြစ်ပွားနေသည့် SEA ဖြစ်ရပ်အရေအတွက်သည် လက်ခံရရှိသည့် အရေအတွက်ထက် ပို၍ မြင့်မားနေနိုင်ပါသည်။ သို့သော် အတားအဆီးအမျိုးမျိုးကြောင့် ဆက်လက်ရှင်သန်သူများသည် သတင်းပို့တိုင်ကြားရန် အဆင်မပြေခြင်းများ ရှိနိုင်ပါသည်။ ထို့အပြင် GBV အတွက် အထူးပြုဝန်ဆောင်ပေးနေသည့် အဖွဲ့အစည်းများမှ လက်ခံရရှိသည့် SEA ဖြစ်ရပ် အရေအတွက်မှာလည်း နည်းပါးနေဆဲ ဖြစ်သည်။ ထို့ကြောင့် SEA ဖြစ်ရပ်များအား သတင်းပို့တိုင်ကြားမှုများ နည်းပါးနေသည့်အပြင် ဆက်လက်ရှင်သန်သူအများအပြားသည် သင့်လျော်သည့် ပံ့ပိုးကူညီမှုများကို လက်ခံရရှိခြင်း မရှိဘဲ ဖြစ်နေကြောင်း ဤအချက်က ပြသနေပါသည်။ သို့ပါသောကြောင့် ဆက်လက်ရှင်သန်သူများအားလုံး အတွက် သင့်လျော်သည့် ပံ့ပိုးမှုနှင့် ကူညီထောက်ပံ့မှုများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေး ရန်လည်း အရေးတကြီး လိုအပ်နေပြီ ဖြစ်ပါသည်။

သတင်းပို့တိုင်ကြားမှု လမ်းကြောင်းများအား လက်လှမ်းမီအသုံးပြုနိုင်မှု

PSEA ကွန်ရက်၏ အကူအညီပေးရေး ဖုန်းလိုင်းများမှတစ်ဆင့် လက်ခံရရှိသည့် တိုင်ကြားချက် အရေအတွက်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်းတွင် သိသိသာသာ ကျဆင်းသွားပါသည်။ ဤသို့ ကျဆင်းသွားရခြင်းမှာ ဝန်ထမ်းများသည် ကွင်းဆင်းဆောင်ရွက်ခြင်း မရှိကြသဖြင့် ဘေးဒဏ်သင့်ပြည်သူများနှင့် လူချင်းထိတွေ့ဆက်ဆံမှု မရှိခြင်း သို့မဟုတ် ဝန်ထမ်းများ သည် ရုံးများတွင် မရှိကြသဖြင့် SEA ဖြစ်မှုမြောက်စေသည့် ပြုမူဆောင်ရွက်မှုများအား ကြားသိမှု/ မြင်တွေ့မှု မရှိခြင်း သို့မဟုတ် နှစ်မျိုးစလုံး ဖြစ်နိုင်သည်ဟု သုံးသပ်၍ ရပါသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း အကျိုးခံစားရသူများနှင့် လူချင်းထိတွေ့မှု နည်းပါးသွားခြင်းနှင့် အတူ SEA ဖြစ်နိုင်ခြေ အန္တရာယ်သည် လျော့နည်းသွားသည်ဟု ဆိုနိုင်သော်လည်း ယခုအခါ နိုင်ငံတကာနှင့် UN အဖွဲ့အစည်းအများအပြားသည် ဘေးဒဏ်သင့်ပြည်သူများထံသို့ အကူအညီများ၊ ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးနိုင်ရန်အတွက် အစိုးရအပါအဝင် ဒေသန္တရအဆင့်မှ လုပ်ဆောင်သူများအား မှီခိုအားထားလာရပါသည်။ အဆိုပါလုပ်ဆောင်သူများတွင် SEA နှင့် စပ်လျဉ်းသော အသိအမြင် ဗဟုသုတနှင့် SEA ဖြစ်ရပ်များအား တုံ့ပြန်ဆောင်ရွက်ပေးနိုင်စွမ်းများ နည်းပါးနေနိုင်ပါသည်။

၂၀၂၀ ခုနှစ်က အစုအဖွဲ့ပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Myanmar Inter-Cluster Coordination Group) မှ ဆောင်ရွက်ခဲ့သော ဘေးဒဏ်သင့်ပြည်သူများထံ တာဝန်ခံမှု (Accountability to Afffected Populatioins) စစ်တမ်းတစ်ခုမှ တွေ့ရှိချက်အရ ပါဝင်ဖြေဆိုကြသည့် NGO နှင့် UN အဖွဲ့အစည်းများသည် ကူညီထောက်ပံ့မှုများမှ အကျိုးခံစားရသူများ၏ တုံ့ပြန်ချက်နှင့် အကြံပြုချက်များအား လူချင်းမျက်နှာချင်းဆိုင်တွေ့ဆုံ၍ အဓိက ရယူကြခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စစ်အာဏာသိမ်းပြီးသည့်နောက်တွင် ထိုကဲ့သို့ တွေ့ဆုံ၍ အကြံပြုချက် တောင်းခံမှုများ နည်းပါးသွားနိုင်ပြီး NGO အချို့အတွက်မူ ထိုသို့ လုပ်ဆောင်ရန် လုံးဝပင် ဖြစ်နိုင်တော့မည်မဟုတ်ပါ။ ဘေးဒဏ်သင့်ပြည်သူများထံ တာဝန်ခံမှုနှင့် စပ်လျဉ်း၍ ပဋိပက္ခနှင့် ၂၀၂၀ ခုနှစ် နိုင်ငံရေးအခြေအနေများအပြင် ကိုဗစ်-၁၉ ၏ သက်ရောက်မှုတို့ကြောင့် ရပ်ရွာလူထုများထံ ရောက်ရှိ နိုင်မှု နည်းပါးသွားသဖြင့် သီးခြားထိခိုက်လွယ်မှုရှိသူများအပါအဝင် ဘေးဒဏ်သင့်ပြည်သူများထံ ရောက်ရှိဝန်ဆောင်ပေးနိုင်မှု စွမ်းအားအပေါ် အဟန့်အတားဖြစ်စေကြောင်း The GIHA Profile က ဆိုပါသည်။ အထူးသဖြင့် အသက်အရွယ်ကြီးသူများနှင့် စာမတတ်သူများ သို့မဟုတ် ဖုန်းအသုံးပြု ရန် လက်လှမ်းမမီသူများ အနှစ်သက်ဆုံးဖြစ်သည့် help desk ကဲ့သို့ မျက်နှာချင်းဆိုင် ကူညီဝန်ဆောင်ပေးသည့် နည်းလမ်းများအား ဆောင်ရွက်ပေးနိုင်ရန် အခက်အခဲ ရှိနေပါသည်။

ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးသည့် နေရာများတွင် စစ်ဘက်ဆိုင်ရာ ပထိပကများ ရှိနေခြင်းကလည်း အကျိုးခံစားရသူအချို့အတွက် SEA ဖြစ်ရပ်များကို သတင်းပို့တိုင်ကြားရန် ဝန်လေးခြင်းများ ဖြစ်စေ နိုင်ပါသည်။ တုံ့ပြန်ချက်၊ အကြံပြုချက်များအား မျက်နှာချင်းဆိုင်ရယူနိုင်မှုများ နည်းပါးသွားခြင်း ကြောင့်လည်း SEA ဖြစ်ရပ်များအား သတင်းပို့တိုင်ကြားနိုင်ရေးတွင် နောက်ထပ်အတားအဆီး တစ်ခုကို ကြုံတွေ့ကြရပါသည်။ စစ်ဆေးရေးဂိတ်များနှင့် လွတ်လပ်စွာ သွားလာခွင့် ကန့်သတ်ချက် များ တိုးလာခြင်းကလည်း ဝန်ဆောင်မှုများအား လုံခြုံစိတ်ချစွာနှင့် ဂုဏ်သိက္ခာရှိစွာ ရယူနိုင်ရေး တွင် အတားအဆီးများကို ဖြစ်ပေါ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် စစ်ဆေးရေးဂိတ်များတွင် လူများအား တားဆီးကာ မည်သည့်ရည်ရွယ်ချက်ဖြင့် သွားလာမည်ဆိုသည်ကို မေးမြန်းခံရလေ့ရှ ိသောကြောင့် ဖြစ်သည်။ ဤသည်က အကူအညီရယူလိုသည့် ဆက်လက်ရှင်သန်သူများ ကြုံ တွေ့ရသော နောက်ထပ် အဟန့်အတားတစ်ခု ဖြစ်ပါသည်။

အစိုးရ၏ စွမ်းဆောင်ရည်

၂၀၂၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ အဖြစ်အပျက်များ မတိုင်မီက PSEA ကွန်ရက် လုပ်ငန်းစီမံချက်နှင့် HCT PSEA မဟာဗျူဟာတို့တွင် မြန်မာနိုင်ငံအစိုးရသည် ၎င်း၏ ပြည်သူများအား ကာကွယ်စောင့် ရှောက်ပေးရန် အဓိကတာဝန်ရှိသူဖြစ်ခြင်းနှင့် UN မှ ရန်ပုံငွေများ လက်ခံရရှိနေခြင်းဟူသည့် အချက်များအား လက်ခံအသိအမှတ်ပြုလျက် အစိုးရအရာရှိများမှ ကျူးလွန်သော SEA များအား ကြိုတင်တားဆီးကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ပေးရေးနှင့်စပ်လျဥ်း၍ အစိုးရအား စွမ်းရည်မြှင့် တင်ပေးရန်ကိုလည်း ထည့်သွင်းထားခဲ့ပါသည်။ The GiHA Profile တွင် ဖော်ပြပါရှိသည့်အတိုင်း UN သည် တရားဝင်မဟုတ်သည့် အာဏာပိုင်များ (de-facto authorities) နှင့် ဆက်သွယ်ဆောင် ရွက်မှုများကို အကန့်အသတ်ဖြင့်သာ လုပ်ဆောင်ရန် လမ်းညွှန်ထားပြီး UNCT ၏ အစီအစဥ် အကောင်အထည်ဖော်မှုဆိုင်ရာ အခြေခံစည်းမျဥ်းများနှင့်အညီ the GiHA Profile က စွမ်းရည်

မြှင့်တင်မှု၊ နည်းပညာအကူအညီ သို့မဟုတ် နှိုးဆော်တိုက်တွန်းဆွေးနွေးမှုတို့အတွက် ထိုအာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ရန် အကြံပြုထားခြင်း မရှိပါ။ ဤအခြေအနေတွင် PSEA ဆိုင်ရာ စွမ်းအင်မြှင့်တင်မှုများ ခေတ္တရပ်နားထားရပြီး UN စနစ်တစ်ခုလုံးမှ မည်သို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဟူသည့်အပေါ်တွင် အခြေခံ၍ပြန်လည်သုံးသပ်လုပ်ဆောင်သွားမည်ဖြစ် ပါသည်။

နိဂုံး

ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှုတို့၏ စီးပွားရေးအပေါ် သက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် အမျိုးသမီးများသည် ၎င်းတို့၏ မိသားစုများအား ရှာဖွေကျွေးမွေးရန်နှင့် အသက်ရှင်ရပ်တည်နိုင်ရန်အတွက် ခေါင်းပုံဖြတ်သည့် လုပ်ရပ်များအပါအဝင် အန္တရာယ်ကျရောက်နိုင်ခြေများသည် လုပ်ရပ်များတွင် ပါဝင်ပတ်သက်ဖြစ်အောင် တွန်းအားပေးခြင်း ခံကြရမည်ဖြစ်မည်။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ActionAid မြန်မာနှင့် PSEA ကွန်ရက်တို့မှ လုပ်ဆောင်ခဲ့သည့် သုတေသနပြုလေ့လာမှုအရ မည်သည့်လုပ်ရပ်များသည် SEA ကျူးလွန်ရာရောက်သည်၊ ထိုလုပ်ရပ်များကို မည်သို့ သတင်းပို့တိုင်ကြားရမည်ဆိုသည်တို့ကို ပြည်သူများ သိရှိအောင် ပိုမိုထိရောက်သည့် အသိပညာပေးမှုများ လိုအပ်နေသည့်အပြင် ဝန်ထမ်းများကိုလည်း လေ့ကျင့်သင်တန်းပေးရန် လိုအပ်နေကြောင်း တွေ့ရှိရပါသည်။ အဆိုပါအသိအမြင်ဗဟုသုတများ မရှိသော ရပ်ရွာလူမှုအသိုင်းအဝိုင်းများအတွင်းတွင် သတင်းပို့တိုင်ကြားမှု သို့မဟုတ် တာဝန်ခံမှုမရှိဘဲ SEA များ ဖြစ်ပွားနိုင်သည့် အန္တရာယ် ရှိနေပါသည်။

မြန်မာနိုင်ငံတွင် အခြေအနေများ ပို၍ ဆိုးရွားလာမှုနှင့်အတူ မြန်မာနိုင်ငံအတွင်းနှင့် နယ်စပ်ဖြတ်ကျော်၍ နေရပ်စွန့်ခွာရွှေ့ပြောင်းမှု အသစ်များ ဖြစ်ပွားပေါ်ပေါက်လျက်ရှိကြောင်း အစီရင်ခံမှုများရှိနေပြီး ပဋိပက္ခဒေသများမှာလည်း အခြေတကျဖြစ်နေသည့် လူသားချင်းစာနာထောက်ထားမှုအခင်းအကျင်းများရှိရာ နေရာဒေသများကို ကျော်လွန်ကာ ပိုမိုကျယ်ဝန်းလာလျက်ရှိပါသည်။ ဤအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် လုပ်ဆောင်သူအသစ်များက လူသားချင်းစာနာထောက်

ထားမှုဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးလျက်ရှိကြပြီး ထိုလုပ်ဆောင်သူအသစ်များတွင် ခိုင်မာအားကောင်းသည့် SEA ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးယန္တရားများ မရှိကြပါ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပဋိပက္ခများနှင့် စီးပွားရေးကျဆင်းမှုများ ပြင်းထန်လာမှုနှင့်အတူ SEA ဖြစ်ပွားနိုင်ခြေအန္တရာယ်သည်လည်း ပိုမိုမြင့်မားလျက်ရှိကြောင်း တင်ပြရင်း နိဂုံးချုပ်ပါသည်။